# သမတအိမ်တော်၊ ရန်ကုန်မြို့။
# ၁၉၄၈ ခုနှစ်၊ ရှမ်းပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏လစာငွေ) အက်ဥပဒေ။
# ၁၉၄၈ ခုနှစ်၊ ရှမ်းပြည်နယ် အက်ဥပဒေအမှတ် ၂။
# ရန်ကုန်မြို့ ၁၃၁၀ ခုနှစ်၊ ပဌမဝါဆိုလဆုတ် ၁၁ ရက်။
# (၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ် ပြပါ အက်ဥပဒေကိုထုတ်ပြန်ကျေညာသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား၊ ပေးရန်ရှိသော လစာငွေများနှင့်စရိတ်ငွေများကို တရားဥပဒေဖြင့်သတ်မှတ်ရန်လိုအပ်သည်ဖြစ်သောကြောင့်၊ အောက်ပါအတိုင်းအက်ဥပဒေပြဋ္ဌာန်းလိုက်သည်။

အမည်တိုနှင့်အဓိပ္ပါယ်ရှင်းလင်းချက်။

၁။ ။ ဤအက်ဥပဒေကို ၁၉၄၈ ခုနှစ်၊ ရှမ်းပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏လစာငွေ) အက်ဥပဒေ ဟုခေါ်ရမည်။

၂။ ။ ဤဥပဒေတွင်ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးဟူသောစကားရပ်များ၌၊ ရှမ်းပြည်နယ်ယာယီ အစိုးရအဖွဲ့ဝင်ဝန်ကြီးများအားလုံး အကျုံးဝင်စေရမည်။

အာဏာတည်သည့်နေ့။

၃။ ။ ဤအက်ဥပဒေသည် ၁၉၄၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၅ ရက်နေ့မှစ၍ အာဏာတည်သည်ဟုမှတ်ယူရ မည်။

ရှမ်းပြည်နယ်ဝန်ကြီးများ၏လစာငွေ။

၄။ ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးအသီးသီးတို့အား၊ လစဉ် လစာငွေ (တထောင့်တရာ) ပေးရ မည်။

၅။ ။ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးအသီးသီးအား နေအိမ်နှင့် ယာဉ်အစား၊ တလလျှင်စရိတ်ငွေ (တရာ့ငါးဆယ်) စီပေးရမည်။

၆။ ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည်မိမိတို့၏ရာထူးလက်ရှိကာလအတွင်းတွင်၊ ရှမ်းပြည် နယ်အစိုးရ၏ အဖွဲ့ဝင်ဝန်ကြီးများရာထူးဆိုင်ရာတာဝန်ဝတ်တရားများကို ဆောင်ရွက်အပ်သည်မှတပါး၊ အတတ်ပညာဖြင့်ဥစ္စာရှာသောမည်သည့်အသက်မွေးမြူမှုမျိုးကိုမျှမပြုရ။ သို့တည်းမဟုတ် မည်သည့် အလုပ်အကိုင်ကုန်သွယ်ရောင်းဝယ်မှု၌မျှ ပါဝင်လုပ်ကိုင်ခြင်းမပြုရ။ သို့တည်းမဟုတ် မည်သည့်အလုပ်အ ကိုင်မျိုးကိုမျှ အခကြေးငွေဥစ္စာအတွက်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ။

၁၉၄၈ ခုနှစ်၊ ရှမ်းပြည်နယ် (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏လစာငွေ) အက်ဥပဒေ။
ရန်ကုန်မြို့ ၁၃၁၀ ခုနှစ်၊ ပဥ္စမဝါဆိုလဆုတ် ၁၁ ရက်။

(၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၁ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၉၈။]